
Book Making
AMK
creation

# နုတ်ရဲ (ရူပဗေဒ)

## ပဋ္ဌလက်ဆန်သော နှင်းဆီအိပ်မက်

နှင့်

ချစ် ခြင်း ဖွဲ့ ဝတ္ထု တို စု စည်း မှု



# စာရေးဆရာသက်ဦးမောင်၏ မှဒိတာတမ်းချင်း

ဖေ့စ်ဘွတ်ပေါ်မှာ အွန်လိုင်း "လင်းရောင်ခြည်စာပေဝိုင်း" ဟူ၍ တည်ထောင်ထားခဲ့သည်။ ရည်ရွယ်ချက်ကတော့ အလှမ်းဝေး၍ ဆုံတွေ့ရန်ခက်ခဲသော စာရေးသူများအချင်းချင်း ရင်းနှီးခင်မင်လိုစိတ်ကြောင့်ဖြစ်၏။ တကယ်တမ်းကျတော့ ပုံနှိပ်လောကသို့ တက်ရောက်တိုးဝင်ရန် ကြိုးစားနေကြသော လူငယ်များ အားကိုးတကြီး စုပြုံတိုးဝင်လာကြသည်။ အပြန်အလှန် တိုင်ပင်နှီးနှောကြသည်။ သူ့စာ ကိုယ့်စာ ဝေဖန်ကြသည်။ ပြုပြင်ကြသည်။ နွေးထွေးစွာ ပေါင်းစည်းမိကြပြီး ပျော်စရာအဖွဲ့ကြီး ဖြစ်လာခဲ့၏။ အဖွဲ့၏ ပိုက်ဆံဖြင့် စာအုပ်ထုတ်ဝေနိုင်ခဲ့ပြီ။

ထိုအဖွဲ့ထဲသို့ နတ်ရဲ (ရူပဗေဒ) ဟူသော ကလောင်တစ်ချောင်း ဝင်ရောက်လာခဲ့၏။ ဒီကလောင်ကို မဂ္ဂဇင်း စာမျက်နှာများထက်တွင် မြင်ဖူးထားခဲ့ကြောင်း အသိဉာဏ်ထဲမှာ မှတ်မှတ်သားသားရှိနေခဲ့၏။ အဖွဲ့ဝင်ဖြစ်လာပြီဆိုတော့ သူ့စာတွေကို အလွယ်တကူ ဖတ်ရတော့သည်။ ပထမဦးဆုံး သတိပြုမိသည်က သူ၏အနုပညာသန္ဓေပင်။ သူ၏အသက်အရွယ်က လူမှုလောက ပတ်ဝန်းကျင်ထဲတွင် ပေ့ါပေ့ါပါးပါး ဖြတ်သန်းနေသည့်အရွယ်။ ဘာကိုမျှ လေးလေးပင်ပင် မတွေးချင်သေးသော သူ့အသက်အရွယ်နှင့်မမျှသည့် အကြောင်းအရာတွေကို ပြောပြချင်နေတတ်သည်။ လေးလေးပင်ပင်ဘဝတွေကို ပူးကပ်ခံစားပြတတ်သဖြင့် သူ့သန္ဓေဗီဇကို မျက်ခုံးပင့်ရ၏။

ပစ္စုပ္ပန်ခေတ်ကာလ အခြေအနေအရ "နုသစ်" ငယ်ရွယ်သူတွေကြား ထဲတွင် စာဖတ်ဝါသနာပါသူ၊ စာအုပ်ကိုင်သူကို ဂေါက်ဟု သမုတ်ကြ သောခေတ်၊ စာဖတ်ခြင်းကို ရှက်စရာအလုပ်ဟု သဘောထားလာကြ သော ခေတ်ထဲတွင် ဒီလူငယ်လေးက စာရေးသူဖြစ်ချင်သတဲ့။ ဒီရောဂါ က သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါလို စာဖတ်ဝါသနာရောဂါ၏ နောက်မှာ ပူးတွဲပါလာတတ်သော ရောဂါဆွယ်ပွားတစ်မျိုးပင်။ စာရေးချင်ပါသည် ဟု ပြောလာကြသူတွေထဲတွင် အမျိုးမျိုးရှိသည်။ တချို့က သူများစာတွေ ဖတ်ပြီး ငါလည်းဒီလောက်တော့ဖြစ်ပါတယ်ဟု "အထင်" ရောက်သော ကြောင့် "အထင်" စာရေးဝါသနာရှင်ဖြစ်၏။ တချို့က သူများတွေ စာရေးနေသည်ကို အားကျ၍ လိုက်လံယောင်ယမ်းအော်ဟစ်တတ်သော "ယောင်" စာရေးဝါသနာရှင်ဖြစ်သည်။ နတ်ရဲ (ရူပဗေဒ) ကို လေ့လာကြ ည့်သောအခါ ထိုကဲ့သို့သော အချက်များဖြင့် လွတ်ကင်း၍ တစိုက် မတ်မတ်ပင် တကယ်ဖတ်၊ တကယ်လေ့လာမှတ်သား၊ တကယ် ကြိုးစားသည်ကို သာမန်ကာလျှံကာ ကြည့်ရုံနှင့်ပင် သိသာစေသော လူငယ်တစ်ဦးဖြစ်ကြောင်း တွေ့ရသည်။

သူ့ဝတ္ထုများကို စုစည်းထုတ်ဝေရန် အမှာစာရေးပေးပါဟု တောင်း ဆိုလာသောအခါ အတော်ပင်တုန်လှုပ် ချောက်ချားသွားရသည်။ မိမိသိ ထားသည့်အသိက အမှာစာဆိုသည်မှာ စာပေလောက" က အသိအမှတ်ပြုပြီးသား ဩဇာရှိသူတွေသာ လုပ်ရသောအလုပ်။ ကိုယ့် အရည်အချင်းကိုယ် အနုလုံပဋိလုံ အပြန်ပြန် အလှန်လှန် ဝေဖန်သုံးသပ် ကြည့်သော်လည်း အမှာစာ ရေးရမည့်အဆင့်နှင့် ဘုန်းကြီးနှင့်ဘီး။ ဘာ မှမပတ်သက်။ နောက်တစ်ချက်က သူ ခက်ခက်ခဲခဲ ကြိုးစားထားရသော စာအုပ်လေးက မိမိအမှာစာကြောင့် ဂုဏ်ပိုတက်မလာနိုင်သည်မှာ သေချာနေသည့်အပြင် အဆင်မသင့်လျှင် အရောင်ပင် မှိန်သွားနိုင်ပေ

သေးသည်။ ထို့ကြောင့် ရေးသင့်၊ မရေးသင့်ကို တစ်ဦးတည်း စီးချင်းထိုးနေမိသည်မှာ အကြာကြီး။ တကယ်တမ်းရေးမည်ဟု ဆုံးဖြတ်မိလျှင်လည်း ဘယ်ကစရေးရမှန်းမသိ။ သူ့ဝတ္ထုလေးတွေကို ကောင်းပါသည် ဖတ်ကြည့်စမ်းပါဟု မြူဆွယ်ပေးရမှာလား။ မဖြစ်နိုင်။ စာအုပ်ထုတ်ဝေခြင်းသည် ဈေးရောင်းခြင်းမဟုတ်။ စာရေးဆရာသည် ဈေးသည်မဟုတ်ပါ။ ဒီတော့ စည်းရုံးမြူဆွယ်ဈေးခေါ်ရသော အလုပ်ကို မလုပ်လိုပါ။ ဒါဖြင့် သူ့ဝတ္ထုလေးတွေကို သားသတ်သမားလို တစ်စစီခွဲခြား ဆစ်ပိုင်းပြရမည်လား။ ဒါလားမဖြစ်နိုင်ပါ။ မိမိအဆင့်က အပေါ့အငန်မြည်းနိုင်သော အဆင့်လောက်ပင်ရှိကြောင်း ကိုယ့်ကိုယ်ကိုယ် ကန့်ကွက်သူမရှိ ယုံကြည်နေမိသည်။

ဒါဖြင့် နတ်ရဲ (ရူပဗေဒ) ဟူသော ကလောင်ကို စာဖတ်သူသိအောင် မိတ်ဆက်ပေးရမှာလား။ ဒါကပိုလို့ပင် ရယ်စရာကောင်းနေသည်။ မိတ်ဆက် အာမခံပေးမည့်သူ ကိုယ်တိုင်ကိုက စာပေလောကတွင် အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် ကုန်အောင်သိသူမဟုတ်။ မိမိအနေနှင့် ပြောနိုင်တာ တစ်ခုပဲရှိသည်။ ဤမျှဝါသနာကြီးပြီး ဤမျှကျားကုတ်ကျားခဲ ကြိုးစားနေသော လူငယ်တစ်ယောက်ကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် စာပေလောကကြီးက နေရာတစ်နေရာကို မဖြစ်မနေပေးကိုပေးရပေလိမ့်မည်ဟူ၍ပင်။ ဒါက နတ်ရဲ (ရူပဗေဒ) ၏ ဝါသနာပြင်းထန်ပုံနှင့် ဝီရိယကိုမြင်တွေ့နေရသော မိမိတစ်ဦးတည်း၏ အာမခံထင်မြင်ချက်ဖြစ်သောကြောင့် အမှာစာဟူသော ခေါင်းစဉ်နှင့် မသက်ဆိုင်ဟု ယူဆမိပါသည်။ နောက်ဆုံး စာရင်းချုပ်လိုက်တော့ မိမိသည် အမှာစာရေးသင့်သောသူတစ်ယောက် မဟုတ်သလို သင့်တင့်လျောက်ပတ်သက်ဆိုင်သော ရေးစရာအကြောင်းကိုလည်း မရှာတတ်တော့သဖြင့် အမှာစာရေးမပေးတော့ဟု ယတိပြတ် ဆုံးဖြတ်ချက်ချ

လိုက် ရတော့သည်။

**သက်ဦးမောင်**

*

# အမှတ်တရ မှတ်တမ်း

ကျွန်တော့်ဘဝတွင် အခုလို စာတွေရေးဖြစ်လိမ့်မည်ဟု တစ်ခါမှ မထင်မှတ်ဖူးခဲ့ပါ။ စာရေးဆရာတစ်ယောက်၏ ဘဝကိုလည်း ငယ်စဉ်ကတည်းက မက်မောစွာနဲ့ ရူးသွပ်ခဲ့တာမျိုးလည်း မဟုတ်ခဲ့ပါ။ သို့သော် စာတွေကိုတော့ မက်မောစွာနှင့် တစိုက်မတ်မတ် ဖတ်လေ့ရှိပါသည်။ စာဖတ်များလာခြင်း၏ အကျိုးဆက်ပင်လား မပြောတတ်ပါ။ တက္ကသိုလ် ဒုတိယနှစ်ရောက်သည့်အချိန်တွင် စာအရမ်းရေးချင်လာခဲ့သည်။ ထို့နောက် ဝတ္ထုတိုတစ်ပုဒ်စရေး ဖြစ်ခဲ့ပါသည်။ ကျွန်တော်ရေးဖြစ်ခဲ့သည့် ဝတ္ထုကို ဝတ္ထုမှဖြစ်ပါ့မလားဟူသော ဒွိဟစိတ်ဖြင့် ထားဝယ်တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းသို့ ပေးပို့ခဲ့ပါသည်။ ဘဝမှာ ပထမဆုံး ရေးဖြစ်ခဲ့သည့် ဝတ္ထုတိုလေးက ထားဝယ်တက္ကသိုလ်နှစ်လည် မဂ္ဂဇင်း တွင် ပုံနှိပ်ဖော်ပြခံရသောအခါ မပြောပြတတ်အောင်ပင် ကြည်နူးအားတက်မိခဲ့ပါသည်။ ထိုမှတစ်ဆင့် စာတွေ ရေးဖြစ်ခဲ့ပြီး မဂ္ဂဇင်းများ၏ ကလောင်သစ်ကဏ္ဍများတွင် စတင်ကလောင်သွေး ဖြစ်သလို၊ မဂ္ဂဇင်းတွေမှာ ကျွန်တော့် ဝတ္ထုလေးတွေ ပုံနှိပ်ဖော်ပြခံရသောအခါ စာရေးခြင်းက ကျွန်တော့်ဘဝ၏ အရေးပါသည့် အစိတ်အပိုင်းလေးတစ်ခုအဖြစ် အသက်ဝင် တောက်ပလာခဲ့ပါသည်။

ထို့နောက် စာပေကို ချစ်မြတ်နိုးသည့် ထုတ်ဝေသူတစ်ယောက်နှင့် ဆက်သွယ်မိခဲ့ပြီး ပွဲဦးထွက်အဖြစ် "ပဉ္စလက်ဆန်သော နှင်းဆီအိပ်မက်နှင့် ချစ်ခြင်းဖွဲ့ ဝတ္ထုတို စုစည်းမှု" စာအုပ်လေးကို

အကောင်အထည်ဖော်ဖြစ်ခဲ့ပါသည်။ ကျွန်တော်က ဘဝရသဝတ္ထုများ အရေးများသူဖြစ်၏။ သို့သော် ဒီစာအုပ်မှာတော့ အချစ်ဝတ္ထုတို ဆယ့်နှစ်ပုဒ်ကို စုစည်းထားခြင်း ဖြစ်ပါသည်။ ဒီစာအုပ်လေး ဖြစ်မြောက်အောင် အဓိကအားပေးခဲ့သည့် မေကြီးမေမိုးကို အထူးကျေးဇူးတင်မိပါသည်။ အမှတ်တရ အမှာစာရေးပေးသည့် အစ်ကိုသက် (စာရေးဆရာသက်ဦးမောင်)ကိုလည်း အထူးကျေးဇူးတင်မိပါသည်။ ထို့နောက် ကျွန်တော့်ဝတ္ထုတွေကို အမြဲဖတ်ရှု အကြံပြုအားပေးခဲ့သည့် သူငယ်ချင်းတွေကိုလည်း အထူးကျေးဇူးတင်မိပါသည်။ ဒီစာအုပ်လေးက ကျွန်တော့်ဘဝရဲ့ အမြတ်နိုးဆုံး အမှတ်တရတွေထဲက အမှတ်တရလေးတစ်ခုအဖြစ် ထာဝရစွဲထင်နေမှာ သေချာလှပါသည်။ ကျွန်တော့်ရဲ့ ပထမဆုံးခြေလှမ်းအဖြစ် ထွက်ရှိလာသည့် စာအုပ်လေးကို ဖတ်ရှုအားပေး အကြံပြုပေးကြပါလို့ . . .။

**စာချစ်သူများရဲ့ မေတ္တာကို မျှော်လင့်လျက်**

**နတ်ရဲ (ရူပဗေဒ)**

*

# နုတ်ရှိ (ရူပဗေဒ)

မာနခင်းသောလမ်း



## မာနခင်းသောလမ်း

သူ့ဘဝတွင် မိန်းမတစ်ယောက်ကို ခါးခါးသီးသီး မုန်းမိသည်မှာ ဒီတစ်ခါ ပထမဆုံးဖြစ်လေသည်။ ယောက်ျားများအပေါ် လွှမ်းမိုးအနိုင်ယူတတ်သော မိန်းမမျိုးကို သူ လုံးဝကြည့်မရပါချေ။ ပန်းသွေးနီနီဆိုသော မိန်းကလေးသည် လှသလောက် မာနအဆိပ်တို့ဖြင့် ပြည့်နှက်လွှန်းနေသည့် မိန်းမတစ်ယောက်အဖြစ် သူဘဝင်မကျ ဖြစ်မိခဲ့သည်။ သူမနှင့် ပတ်သက်မှုမရှိခင်ကတည်းက သူမအကြောင်း တော်တော်များများကို သူကြားသိခဲ့ရဖူးသည်။ တကယ်တမ်း လက်တွေ့သူနှင့် တွေ့ဆုံလာခဲ့ချိန်တွင် သူမ၏မာနတွေကို သူက အပိုင်းပိုင်းပြတ်အောင် ခြေမွပစ်ခဲ့ပါသည်။ သူမက မာနကြီးလှသလို သူကလည်း သူမထက် မလျော့သည့် မာနများစွာဖြင့် ရင်ဆိုင်ခဲ့ပါသည်။ မာနကို ဝိုင်တစ်ခွက်လို သောက်သုံးခဲ့ပြီးသည့်နောက်တွင်တော့ သူမနှင့်သူက ဥဒါန်းမကျေနိုင်သည့် ရန်သူနှစ်ယောက် ဖြစ်ခဲ့ရလေတော့သည်။

မဟာဂုဏ်

သူမ ဘဝတွင် လူတစ်ယောက်ကို အမုန်းကြီး မုန်းမိလိမ့်မည်ဟု တစ်ခါမှ မထင်မှတ်ဖူးခဲ့ပါ။ သို့သော် သူမ ဘဝတွင် ပထမဆုံးအနေဖြင့် အမုန်းကြီးမုန်းမိခဲ့သော ယောက်ျားတစ်ယောက်ရှိခဲ့ပါသည်။ သူကတော့ မိန်းကလေး တော်တော်များများအကြားတွင် ရေပန်းစားလှပါသည်။ သို့သော် သူမနှင့် သူ့ရဲ့ တွေ့ဆုံမှုတွင် အငြိုးတကြီး လက်စားချေမှုများဖြင့်သာ ပြည့်နှက်နေခဲ့ပါသည်။ မိန်းမတစ်ယောက်

အပေါ် မာနအပြည့်ဖြင့် အငြိုးတကြီး တုံ့ပြန်တတ်သည့် မဟာဂုဏ် ဟူသော ယောကျ်ားတစ်ယောက်ကို နောက်ဆုံးထွက်သက်အထိ အမုန်းကြီး မုန်းသွားမည်ဟု သူမ အကြိမ်ကြိမ် သစ္စာပြုထားမိခဲ့ပါသည်။

ပန်းသွေးနီနီ

## (၁)

လူသားနှစ်ယောက်၏ တွေ့ဆုံမှုတွင် ချစ်ခြင်းဖြင့် တွေ့ဆုံနိုင်သလို အမုန်းများစွာဖြင့်လည်း ဆုံစည်းနိုင်လေသည်။ မဟာနှင့် သူမ၏ တွေ့ဆုံမှုတွင်တော့ အံ့သြစရာကောင်းလောက်အောင်ပင် မာနအဆိပ်တို့ဖြင့် ထုံလွှမ်းခဲ့ရသည်။

"ဒုန်း"

"အို . . ."

ကော်ရစ်တာထောင့်ချိုးတွင် သူမနှင့် မဟာ ကဗျာမဆန်စွာ တိုက်မိသွားခဲ့ကြသည်။ ခပ်ပြင်းပြင်းတိုက်မိသောကြောင့် မဟာ ယိုင်ခနဲဖြစ်သွားသည်။ သူမကလည်း ဟန်ချက်ပျက်သွားသလို လက်ထဲမှ စာအုပ်တချို့လည်း အောက်သို့ ပြုတ်ကျသွားခဲ့သည်။ အတန်းနောက်ကျနေပြီဖြစ်သောကြောင့် မဟာဒေါသထွက်သွားမိသည်။ ထို့ကြောင့် မဟာ ဒေါသတကြီးဖြင့် သူမကို ကြည့်လိုက်မိလေသည်။

"လူတစ်ယောက်လုံးလာနေတာတောင် ရှင် မမြင်ဘူးလား၊ ရှင် ကျွန်မရဲ့စာအုပ်တွေကို ပြန်ကောက်ပေး"

မာနရိပ်များလွှမ်းမိုးနေသည့် နှုတ်ခမ်းလှလှလေးဆီမှ အမိန့်ဆန်

ဆန်ထွက်လာသော စကားလုံးများကြောင့် မဟာ ပို၍ဒေါသထွက်သွားမိ၏။ မဟာရဲ့မာနတွေလည်း တရိပ်ရိပ်တက်လာခဲ့သည်။ အထူးသဖြင့် မိန်းမတစ်ယောက်၏ အမိန့်ပေး စေခိုင်းမှုမျိုးကို မဟာ အမုန်းဆုံးဖြစ်သည်။

"ငါက မိန်းကလေးတွေရဲ့စကားကို မနာခံတတ်ဘူးကွ၊ မင်းက လည်း မိန်းကလေးဆိုတော့ ဆောရီးပဲပေါ့ကွာ"

ကွက်ခနဲ ပျက်ယွင်းသွားသော သူမ မျက်နှာကို မဟာ ကျေနပ်စွာကြည့်လိုက်မိသည်။ သူမက မဟာ့ကို မကျေနပ်ချက် အပြည့်ဖြင့် ကြည့်၏။ မဟာကလည်း လုံးဝအလျှော့မပေးသည့် အကြည့်ဖြင့် ပြန်ကြည့်မိသည်။ သူမက မာနခဲလေးဖြစ်သလို မဟာကလည်း မာနမင်းသားဖြစ်ခဲ့ခြင်းက ပြဿနာကို ပို၍ကြီးထွားစေခဲ့လေသည်။

"ဒီမှာ . .. ရှင် လူလိုနားမလည်ဘူးထင်တယ်၊ ရှင်ဝင်တိုက်လို့ ကျွန်မစာအုပ်တွေကျသွားတာ ရှင်ပြန်ကောက်ပေး"

သူမ၏နှုတ်မှ စကားသံတချို့က မာထန်စွာထွက်ပေါ်လာ၏။ ဘာရယ်ကြောင့်မသိ သူမကို မဟာ တော်တော်မုန်းမိသွားရသည်။ သူမ၏ အမူအယာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှု လွှန်ကဲနေသည့်ပုံစံမျိုးဖြစ်သည်။ နူးညံ့မှုမရှိသည့် သူမလို မိန်းမမျိုးကို မဟာ အမြင်ကတ်မိသည်။ ထို့ကြောင့် သူမကို မဟာ ခပ်မာမာပင် တုံ့ပြန်လိုက်မိသည်။

"ဘာကွ မင်းပဲ ငါ့ကိုဝင်တိုက်တာလေ၊ မင်းမေ့သွားပြီထင်တယ်"

"ရှင်ဦးနှောက်မကောင်းဘူးလား၊ ရှင်အရင်ဝင်တိုက်တာပဲ၊ ရှင်ပြန်ကောက်ပေးမှပေ့ါ"

"မင်း အရင်ဝင်တိုက်တာလေ၊ ဦးနှောက်မကောင်းတာက မင်းကွ"

သေးငယ်သောကိစ္စတစ်ခုက မဟာနှင့် သူမ အကြားတွင် ကြီးမားသည့် ပဋိပက္ခတစ်ခုလို ဖြစ်လာခဲ့သည်။ သူမကလည်း ယောကျ်ားတစ်ယောက်အပေါ် အဆုံးစွန်အထိ အရှုံးမပေးနိုင်သည့် မာနတို့ပြည့်နှက်နေခဲ့၏။ မဟာကလည်း သူမကို လုံးဝအလျှော့မပေးရန် ဆုံးဖြတ်ထားလိုက်၏။

"ရှင် အရမ်းအတ္တကြီးတဲ့ ယောကျ်ားတစ်ယောက်ပါလား၊ အမှားကို အမှန်ထင်နေတဲ့ ရှင့်လိုယောကျ်ားမျိုးကို ကျွန်မ လုံးဝအထင်မကြီးဘူး သိလား"

"ဟား . . . တကယ်ပဲကွာ၊ မင်း ဘယ်လိုမိန်းမမျိုးလဲကွ၊ အလကားနေရင်း ပြဿနာမရှာချင်နဲ့၊ ငါသွားမယ်"

သူမရှေ့မှ မဟာ ထွက်သွားဟန်ပြင်လိုက်သည်။ သို့သော် သူမက မဟာထင်သလို အလွယ်တကူ ကျန်ရစ်မနေခဲ့ပါ။ သူမသည် မဟာ့အရှေ့တွင်ရပ်ကာ စကားတစ်ခွန်းကို တင်းမာစွာပြောလေသည်။

"ဟင့်အင်း ရှင်မသွားရဘူး၊ ပန်းသွေးနီနီဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝမှာ ယောကျ်ားတစ်ယောက်ချန်ထားရစ်ခံရလောက်အောင် ရာဇဝင်မရိုင်းချင်ဘူး၊ ဒီကိစ္စမှာ ရှင်မှားတဲ့အတွက် ရှင် ကျွန်မ စာအုပ်တွေကို ပြန်ကောက်ပေးပါ"

"ဘာ မင်း . . ."

ထိုစကားကိုကြားရချိန်တွင်တော့ သူမကို မုန်းတီးမှုဒီဂရီတွေ တရိပ်ရိပ်နှင့် မြင့်တက်လာရသည်။ ကြည့်စမ်းပါဦး။ ဘယ်လောက် မာကြောလိုက်သည့် မိန်းမမျိုးပါလဲ။ မဟာကလည်း သူမလို မိန်းမမျိုးကို အလျှော့ပေးချင်စိတ်လုံးဝမရှိပါ။ ထို့ကြောင့် မာနရိပ်တို့တလဲ့လဲ့ တောက်နေသည့် သူမကိုကြည့်ကာ လှမ်းပြောလိုက်သည်။

"ဒီမှာ . . . မင်း ဇာတ်လမ်းထွင်နေတာလား၊ ဒါဆိုရင်လည်း လက်လျှော့လိုက်တော့ကွ၊ ငါက မင်းလို မိန်းကလေးမျိုးကို စိတ်မဝင်စားတတ်ဘူးဆိုတာ မင်းသိဖို့ကောင်းတယ်"

"ဘာ . . . ရှင် . . . ရှင်"

မဟာ ပြောလိုက်သောစကားက ထိရောက်လှပါသည်။ ဆတ်ဆတ်ခါအောင် နာကျင်သွားသော သူမကို ကျေနပ်စွာ ကြည့်နေမိသည်။ သူမက အလျှော့မပေးသလို မဟာကလည်း အနိုင်ပေးသည့် လူမျိုးမဟုတ်ခဲ့ပါ။ ထို့ကြောင့်လည်း ပြဿနာက တရိပ်ရိပ်နှင့်ကြီးထွားလာခဲ့လေသည်။

ထိုစဉ်မှာပင် သူမက မပြောမဆိုနှင့် အနားသို့ဝင်လာကာ မဟာ့ပါးကို လှမ်းရိုက်လိုက်လေသည်။ မဟာလည်း မြန်သည်။ လျှပ်တစ်ပြက်ဝင်လာသော သူမလက်ကို ကြမ်းတမ်းစွာ ဖမ်းကိုင်လိုက်ပြီး မုန်းတီးမှုအပြည့်ဖြင့် သူမကို စူးစိုက်ကြည့်မိလေသည်။

"ရှင် ကျွန်မ လက်ကိုလွှတ်လိုက်စမ်း"

"မင်းက ငါ့ကိုရိုက်မလို့ပေါ့ ဟုတ်လား၊ ဒီမှာ မင်းမြဲမြဲမှတ်ထားစမ်း ပန်းသွေးနီနီ၊ ဘယ်လောက်လှပြီး မာနကြီးတဲ့ မိန်းကလေးဖြစ်ပါစေ ငါစားနေတဲ့ ပီကေတစ်လုံးလောက်တောင် ငါတန်ဖိုးမထားတတ်ဘူးဆိုတာ မင်းနားလည်ခဲ့မယ်ဆိုရင် အခု မင်းကျူးလွန်ခဲ့တဲ့ အပြစ်ကို ခွင့်လွှတ်လိုက်တယ်လို့ သဘောထားလိုက်"

ဒေါသကြောင့် ဖြစ်တည်လာသော စကားလုံးများကိုပြောခဲ့ပြီး မဟာ ထွက်လာခဲ့သည်။ သူမကတော့ ဒေါသတို့ဖြင့် ငွေ့ရည်ဖွဲ့ကာ ကျန်ရစ်နေခဲ့မည်မှန်း မဟာသိသည်။ သူမလို အရာရာကိုအရှုံးမပေးချင်သည့်မိန်းမ

မျိုးကို မဟာ မတွေ့ဖူးခဲ့ပါ။ မဟာ့ကိုဆိုလျှင် မိန်းကလေးတော်တော်များများက ဆက်ဆံခဲ့ကြပေမယ့် သူမကျမှ မဟာ့အပေါ် မောက်မာစွာ ဆက်ဆံလာခဲ့သည်။

မဟာကလည်း မိန်းမတွေနှင့် ကင်းရှင်းစွာနေလာခဲ့သည့် မဟာဂုဏ်ဖြစ်သည်။ သူမလို မိန်းမလောက်ကိုတော့ စာဖွဲ့မနေတော့ပေ။ ထို့ကြောင့် လွယ်ကူရိုးရှင်းစွာပင် သူမနှင့်ပတ်သက်ခဲ့သည့် အဖြစ်အပျက်ကို မေ့ပစ်ရန် ဆုံးဖြတ်လိုက်လေသည်။

*

## (၂)

သူမ ကျောင်းပျက်ခဲ့သည်မှာ တစ်ပတ်ရှိခဲ့ပြီဖြစ်သည်။ သူငယ်ချင်းများအား နေမကောင်း၍ ကျောင်းမတက်တာဟု သူမ အကြောင်းပြခဲ့သည်။ သို့သော် သူမ နေမကောင်းမဖြစ်ခဲ့ပါ။ သူမ တကယ်တမ်းခံစားနေရသည်က အမုန်းများနှင့်အုံဖွဲ့နေသော အသည်းမှ ဒဏ်ရာဖြစ်သည်။

သူမသည် ယောကျ်ားလေးတိုင်း၏ ဂရုစိုက်အလေးထားမှုကို ခံခဲ့ရသူဖြစ်သည်။ သူမထံသို့ နည်းမျိုးစုံဖြင့် ချဉ်းကပ်လာသော ယောကျ်ားများအား ဥပေက္ခာပြုကာ မာနကြီးသူအဖြစ် ကျေနပ်စွာခံယူခဲ့သည်။ ယောကျ်ားများကို အထင်မကြီးတတ်သည်ကလည်း သူမ၏ အစွဲပင်ဖြစ်မည်ထင်သည်။ အခုအချိန်အထိ ဘယ်ယောကျ်ားနှင့်မှ သူမ အရောတဝင်ပတ်သက်ခြင်း မရှိခဲ့ပါ။ ထိုအခါ လူတိုင်း၏ ပါးစပ်ဖျားတွင် သူမကို မာနမင်းသမီးဟူ၍ သမုတ်ကြသည်။ အသည်းစားဘုရင်မဟူ၍လည်း ကင်ပွန်းတပ်ကြလေသည်။

သို့သော် အနှစ်နှစ်အလလ ရှင်သန်ဝင့်ကြွားလာခဲ့သော သူမ၏ မာနများသည် ယောက်ျားတစ်ယောက်၏ ပြင်းထန်သောစကားလုံးများအောက်တွင် ကြေမွခဲ့ရသည်။ စဉ်းစားမိတိုင်း သူမ ဒေါသထွက်၍မဆုံးပေ။ မဟာဂုဏ်ဆိုသည့်ယောက်ျားတစ်ယောက်ကို သူမ သေလောက်အောင်မုန်းမိပါသည်။

မိန်းကလေးတစ်ယောက်အပေါ် ညှာတာမှုကင်းမဲ့စွာ ပြောဆိုရဲသည့် ထိုယောက်ျားမျိုးကို သူမ ဥဒါန်းမကျေနိုင်ခဲ့ပါ။ ပန်းသွေးနီနီ ဆိုသည့် သူမကလည်း ယောက်ျားတစ်ယောက်၏ ပုတ်ခတ်စော်ကားမှုကို ငြိမ်ခံနေမည့် မိန်းမမျိုးမဟုတ်မှန်း မဟာဂုဏ်ဆိုသည့် ယောက်ျားသိရန် လိုအပ်ပါသည်။

ထို့ကြောင့် ကျောင်းပျက်ခဲ့သည့် တစ်ပတ်အတွင်းမှာ သူမ အလွန်မုန်းတီးသော ယောက်ျားတစ်ယောက် အကြောင်းကို လျှို့ဝှက်စွာစုံစမ်းခဲ့သည်။ သို့မှသာ သူမအား စော်ကားခဲ့သည့် သူ့ကို လှပစွာကလဲ့စားပြန်ချေနိုင်မည်ဖြစ်သည်။

မိန်းကလေးများနှင့်ပတ်သက်၍ မာနကြီးလှသော မဟာဂုဏ်ဆိုသည့် ယောက်ျား၏ အားနည်းချက်ကိုရှာဖွေစုံစမ်းရခြင်းက အလွန်ခက်ခဲလှပါသည်။ သူသည် မိန်းကလေးများနှင့် အရောတဝင်ပတ်သက်ခြင်း မရှိဘဲနေတတ်သည် တဲ့။ ဘယ်မိန်းမကိုမှ အထင်မကြီးတတ်သည့် မာနမင်းသားတဲ့။ သူ အားလပ်ရက်တွင် ဘယ်သွား ဘယ်လာသည်ကအစ သူမ စုံစမ်းခဲ့သည်။

သူနှင့်ပတ်သက်ပြီး ထူးခြားသည့်အရာမျိုးတော့ သိပ်မတွေ့ရခဲ့ပါ။ သို့သော် သူမ ဖွဲမလျှော့မိပါချေ။ သူ့ကို တုံ့ပြန်နိုင်မည့် နည်းလမ်းမျိုးကို စိတ်ရှည်ရှည်နှင့်ပင် သူမ စုံစမ်းနေမိခဲ့သည်။

တစ်နေ့တော့ သူငယ်ချင်းတစ်ယောက်၏ အကူအညီဖြင့် သူ့ရဲ့ အားနည်းချက်ကို စုံစမ်းသိရှိခဲ့ရလေသည်။ သူ့ကို လှပစွာပင် သူမ ကလဲ့စားချေနိုင်ပါတော့မည်။ ထိုအခါ သူမ ရင်ထဲ မဖော်ပြနိုင်လောက် အောင်ပင် ကျေနပ်သွားခဲ့ရသည်။

သူ့ရဲ့အားနည်းချက်က ကြွက်ကို အလွန်ကြောက်ရွံ့ခြင်းပင် ဖြစ်သည်။ ကြွက်ကိုမြင်လျှင် ဣန္ဒြေမဆည်နိုင်အောင်ပင် အထိတ်တလ န့် အော်ဟစ်တတ်ကြောင်း သိခဲ့ရသည်။ သူ့ရဲ့အားနည်းချက်ကို သိရှိခဲ့ရ သောကြောင့် သူမ အရမ်းဝမ်းသာမိသည်။ သူမ၏ မာနကိုစော်ကားခဲ့ သော သူ့ထံမှ တစ်စုံတစ်ခုကို ပြန်ရခဲ့မည်ဆိုလျှင် သူမ ကျေနပ်ပါသည်။

ထို့ကြောင့် ကြွက်အစစ်နှင့် ခွဲမရအောင်တူသော ကြွက်ရုပ်လေးတစ် ခုကို သူမ ရှာဝယ်ခဲ့လေသည်။ ထိုကြွက်ရုပ်ကလေးက အမွေးအမှင်များ ဖြင့် တကယ့်ကြွက်ရုပ်လိုပင် အသက်ဝင်လွန်းလှပါသည်။ ထိုကြွက်ရုပ် လေးကိုယူလာခဲ့ပြီး သူ့ကို တုံ့ပြန်နိုင်မည့် နည်းလမ်းကို သူမ စတင် ရှာဖွေမိလေသည်။ ကြွက်ကိုမြင်လျှင် ထိတ်လန့်သွားမည့် သူ့ရဲ့ပုံစံကို အလွန်မြင်ချင်နေ မိသည်။

ကျောင်းရောက်သည်နှင့် သူ့ကို လိုက်ရှာခဲ့မိသည်။ များများမရှာ လိုက်ရချေ။ ကဲန်တင်းထဲတွင် သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စားသောက်နေ သော သူ့ကို တွေ့လိုက်ရသည်။ သူက ကျောပေးထားသဖြင့် သူမတို့ သူငယ်ချင်းတစ်စု ဝင်လာသည်ကို မြင်ဟန်မတူချေ။ သူမတို့ကို သူ မ မြင်ခဲ့ခြင်းကပင် သူမတို့အတွက် ကြီးမားသည့် အခွင့်အရေးတစ်ခုရ လိုက်လေသည်။

သူမတို့သူငယ်ချင်းတစ်စုလည်း သူ့ကျောဘက်မှ လျှောက်လာခဲ့ပြီး ခပ်ဟဟဖြစ်နေသည့် သူ့လွယ်အိတ်ထဲသို့ ကြွက်ရုပ်ကို ညင်သာစွာ ထ

ည့်လိုက်လေသည်။ စကားကောင်းနေကြသော သူတို့ကတော့ သူမ၏ လုပ်ရပ်ကို မမြင်ကြပေ။ သူမလည်း ကျေနပ်မှုအပြည့်ဖြင့် ခပ်လှမ်းလှမ်းရှိ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက်သူမ မုန်းတီးသော လူတစ်ယောက်၏ ကျရှုံးမှုကို စောင့်ကြည့်နေမိခဲ့လေသည်။

*

## (၃)

"မဟာ . . . မင်း အနောက်က စားပွဲကို မသိမသာလေးလှည့်ကြည့်လိုက်၊ အလန်းလေးကွ"

မိုးရင့်ကလှမ်းပြောသော်လည်း မဟာ လှည့်မကြည့်ဖြစ်။ မိုးရင့်အကြောင်းကို မဟာသိသည်။ ကောင်မလေး ချောချောမြင်လျှင် မနေနိုင်တာက မိုးရင့်၏ ဝါသနာပင်ဖြစ်သည်။

"မင်းကလည်းကွာ ကြည့်လိုက်စမ်းပါ၊ မာနခဲလေးကွ၊ ဘယ်ယောကျ်ားကိုမှ အထင်မကြီးဘူးဆိုပြီး မာနတံခွန်ထူထားတာကွ၊ နှယ်နှယ်ရရမဟုတ်ဘူး"

မိုးရင့် စကားကိုကြားရလျှင် မဟာ မျက်မှောင်ကြုတ်မိသွားရသည်။ မဟာကလည်း ဘယ်လောက်မာနကြီးသည့် မိန်းကလေးဖြစ်ပါစေ အာရုံထဲမထားတတ်ပါ။ မိန်းကလေးတွေနှင့် ပတ်သက်ပြီးလည်း ထွေထွေထူးထူးရင်မခုန်ဖူးခဲ့ပါ။

"နာမည်က ပန်းသွေးနီနီတဲ့ကွ"

"ဘယ်လို မိုးရင့်"

မိုးရင့် နှုတ်မှထွက်လာသည့်နာမည်တစ်ခုကြောင့် မဟာ မေးမိ လျက်သားဖြစ်သွား၏။ ပန်းသွေးနီနီ ဆိုသည့် သူမကို မာနရိပ်တို့ဖြင့် တလဲ့လဲ့တောက်ပနေသည့် မိန်းမတစ်ယောက်အဖြစ် မဟာ မှတ်မိနေခဲ့သည်။

"ဘယ်လိုလဲ မင်း စိတ်ဝင်စားသွားပြီမဟုတ်လား၊ အခုထိ ဘယ်ယောက်ျားလေးကိုမှ အဖြေမပေးခဲ့သေးဘူးကွ၊ မင်းဆိုရင်တော့ မပြောတတ်ဘူးပေါ့ကွာ"

"တော်စမ်းပါကွာ . . . ငါက အဲဒီလိုမိန်းကလေးမျိုးကို စိတ်မဝင်စားဘူးကွ၊ ယောက်ျားတစ်ယောက်အပေါ်မှာ လွှမ်းမိုးချုပ်ကိုင်မယ့်မိန်းမမျိုးကို ငါအမုန်းဆုံးပဲ"

မဟာ ပြောလိုက်တော့ မိုးရင့်က အံ့ဩသလိုကြည့်၏။ တကယ်လည်း မဟာက မိန်းကလေးများနှင့် ကင်းရှင်းပါသည်။ ဘယ်မိန်းကလေးနှင့်မှ မဟာမပတ်သက်ချင်ပါ။ ဘယ်လောက်လှပြီး မာနကြီးသည့်မိန်းကလေးဖြစ်နေပါစေ မဟာနှင့် မဆိုင်သလိုသာ နေလာခဲ့သူ ဖြစ်သည်။

"မင်းကတော့ကွာ၊ အလှတရားတွေကို မခံစားတတ်သေးဘူး၊ အလကားနေပြီး မာနတွေထားနေတာပဲ"

"တော်ပါတော့ကွာ၊ မိန်းမတွေအကြောင်း ငါ့ကိုလာမပြောနဲ့၊ သွားကြရအောင်"

"အေးပါ မာနမင်းသားကြီးရာ၊ ဒါနဲ့ ဒီနေ့ မင်းရှင်းရမယ့် အလှည့်နော်"

မဟာ့ကို ကြည့်ကာ မိုးရင့်က လှမ်းပြော၏။ ထို့ကြောင့် မဟာက မိုး

ရင့်ကို စိုက်ကြည့်ကာ . . .

"သိပါတယ်ကွ . . . ငါက ပိုက်ဆံမရှင်းဘဲ ဘယ်တုန်းက ထွက်သွားဖူးလို့လဲကွ"

ပြောပြောဆိုဆိုနှင့် မဟာက လွယ်အိတ်ထဲသို့ လက်ထိုးသွင်းလိုက်၏။ ပိုက်ဆံအိတ်ကိုစမ်းနေစဉ် ပျော့စိစိအရာလေး တစ်ခုကို စမ်းမိသဖြင့် မဟာ မျက်မှောင်ကြုတ်လိုက်မိသည်။ ဘာလေးပါလိမ့်ဟူသော ဒွိဟစိတ်ဖြင့် မဟာ ယူထုတ်လိုက်မိသည်။ ထိုစဉ် လက်ထဲတွင် ပါလာသည့် ကြွက်တစ်ကောင်ကို တွေ့လိုက်ရသောအခါ မဟာ အထိတ်တလန့်ဖြင့် အော်လိုက်မိလေသည်။

"အား . . . ကြွက် . . . ကြွက်"

အလန့်တကြားထွက်ပေါ်လာသောအသံကြောင့် ကဲန်တင်းထဲရှိလူများ၏ မျက်လုံးအစုံက မဟာ့ထံသို့ကျလာခဲ့လေသည်။ ထို့နောက် မဟာ၏ အလန့်တကြားဖြစ်သွားပုံက လူတွေအတွက် ရယ်စရာတစ်ခု ဖြစ်သွားတော့သည်။ ကဲန်တင်းထဲတွင် လူစည်ကားနေချိန်မို့ မဟာ အလွန်ရှက်ရွံ့သွားမိသည်။

"ဟား . . . ဟား . . . ကောင်းလိုက်တဲ့သတ္တိ"

"ဟိ . . . ယောကျ်ားလေးဖြစ်ပြီး ကြွက်ကိုမြင်တာနဲ့ လန့်အော်ရတယ်လို့"

"ဟုတ်ပ့ါဟယ် ရယ်ရတယ်ဟဲ့ ဟိဟိ. . ."

ကြားလိုက်ရသည့်အသံများအကြားတွင် မဟာ့ တစ်ကိုယ်လုံး ရှက်ရွံ့စိတ်အပြည့်ဖြင့် သေးငယ်သွားသလိုထင်ရလေသည်။ လူစည်ကားနေသည့်အချိန်မို့ မဟာ အရမ်းရှက်မိသည်။ အဲဒီကြွက်က ဘယ်လိုလုပ်ပြီး မ

ဟာ့ လွယ်အိတ်ထဲရောက်လာခဲ့တာလဲ။ မဟာ မစဉ်းစားတတ်အောင် ဖြစ်သွားမိသည်။

“ကြွက်ရုပ်လေးက အမွေးဖွာဖွာလေးနဲ့ ချစ်စရာလေးဟယ်”

“အေးနော် ကြွက်ရုပ်ကိုများ ကြောက်တဲ့သူကရှိသေးတယ်လို့ ဟိဟိ”

အသံကြားရာသို့ မဟာ လှမ်းကြည့်လိုက်မိလေသည်။ ထိုအခါ မဟာ့ကို စူးစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကို တွေ့လိုက်ရသည်။ ပန်းသွေးနီနီ ဆိုသည့် သူမ။ သူမ၏ မျက်ဝန်းတွင် ကျေနပ်စိတ်တို့ဖြင့် ပျော်ဝင်နေလျက်ရှိလေသည်။

မဟာ ဒေါသစိတ်အပြည့်ဖြင့် သူမကိုကြည့်လိုက်မိသည်။ သူမက အလွန်အခံရခက်စေသော သရော်သည့်အပြုံးတို့ကို မဟာ့ထံပို့လွှတ်လျက်ရှိ၏။

မဟာ သဘောပေါက်လိုက်မိသည်။ မဟာ့ကို အရှက်ကွဲအောင်လုပ်သူမှာ သူမမှလွဲ၍ မည်သူမှမဖြစ်နိုင်တော့ပါ။ သူမ မျက်ဝန်းထဲတွင် အငြိုးမပြေနိုင်သည့် အရိပ်အယောင်တို့ပျံ့လွင့်နေခဲ့၏။ သူမကို နာကြည်းစွာတစ်ချက်ကြည့်လိုက်ပြီး မဟာ ထွက်လာခဲ့လေတော့သည်။

*

(၄)

မဟာ့ အား အရှက်ရအောင်လုပ်ခဲ့သော ပန်းသွေးနီနီဆိုသည့် သူမကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေမိသည်။ နာမည်တစ်ခုကို စွဲမြဲစွာ မှတ်ထားလေ့မရှိခဲ့သော မဟာသည် ပန်းသွေးနီနီ ဆိုသည့်

နာမည်ကိုတော့ နာကြည်းစွာမှတ်ထားခဲ့သည်။ သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိကြောင်း သူမ မသိဘူးထင်သည်။ မဟာ့ကို အရှက်ရအောင်လုပ်ခဲ့သည့် သူမကို တုံ့ပြန်ရန် နည်းလမ်းကို မဟာ စုံစမ်းမိခဲ့သည်။

ယောက်ျားလေးများနှင့်ပတ်သက်၍ မာနကြီးလှသော သူမ အကြောင်း စုံစမ်းရတာ နည်းနည်းတော့ခက်ပါသည်။ သူမကို တုံ့ပြန်ရန်နည်းလမ်းကလည်း တော်ရုံနှင့် ရှာလို့မတွေ့ခဲ့ပေ။ နောက်ဆုံးတော့ သူမကို တုံ့ပြန်ရန်နည်းလမ်းတစ်ခုကို မဟာ စုံစမ်းမိခဲ့လေသည်။

မဟာ စုံစမ်းရသလောက် သူမက မြွေကို သေမလောက် ကြောက်ရွံ့သည်တဲ့။ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့။ အရှက်ကွဲလျှင် ဘယ်လို ခံစားရသလဲဆိုတာ သူမ သိအောင်ပြရပေမည်။

မဟာ ကျောင်းသို့ရောက်လာသောအခါ မြွေအစစ်နှင့်ခွဲမရအောင် တူသော ရော်ဘာမြွေရုပ်တစ်ခုပါလာလေသည်။ ထိုမြွေရုပ်လေး၏ အဓိကပစ်မှတ်မှာ သူမပင်ဖြစ်သည်။

သူမအား လိုက်ရှာသောအခါ ကန်တင်းထဲတွင် သူငယ်ချင်းများနှင့် စားသောက်နေသည်ကို တွေ့လိုက်ရ၏။ စားပွဲထိုး ကောင်လေးအား မုန့်ဖိုးပေးကာ သူမခြေရင်းတွင် မြွေရုပ်ထားပေးရန် စည်းရုံးလိုက်သည်။ ထို့နောက် သူမတို့ စားပွဲကို ရှင်းလင်းပြတ်သားစွာမြင်နိုင်မည့် နေရာ တစ်ခုမှ မဟာ ကြည့်နေမိခဲ့သည်။ အဖြစ်အပျက်တို့က သိပ်မကြာ လိုက်ပါချေ။ မကြာခင်မှာပင် သူ ဆင်ထားခဲ့သည့် အကွက်ထဲ သူမ ရောက်သွားခဲ့သည်။

“အမယ်လေး”

သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စားသောက်နေသည့် သူမထံမှ အလန့်တ

ကြား အော်ဟစ်လိုက်သံကို မဟာ ကြားလိုက်ရသည်။ ထိုစကားတစ်ခွန်းသာ သူမ အလန့်တကြားအော်ဟစ်ခဲ့ပြီးနောက် သူမ ပျော့ခွေကျသွားခဲ့လေသည်။

ကဲန်တင်းထဲရှိလူများက သတိမေ့သွားသော သူမအား ပွေ့ချီသယ်ဆောင် သွားကြလေသည်။ အလွန်ရှင်းလင်း ပြတ်သားလှသော ထိုမြင်ကွင်းက မဟာအား ကျေနပ်နှစ်သိမ့်မှုကို မပေးစွမ်းနိုင်ပေ။

တကယ်ဆို ဤမျှအထိဖြစ်သွားစေရန် မဟာ မရည်ရွယ်မိခဲ့ပါ။ သူ့ကို အရှက်ရအောင် လုပ်ခဲ့သည့် သူမကို ပြန်တုံ့ပြန်မိခဲ့ခြင်းသာ ဖြစ်သည်။

အခုတော့ ထိတ်လန့်စွာ သတိလစ်မေ့မျောသွားသော သူမကို မြင်သောအခါ မဟာ စိတ်မကောင်းဖြစ်သွားမိသည်။ သူမအား သနားစိတ်တို့နှင့်အတူ မဟာ့ နှလုံးသားက နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရသည်။ သတိမေ့သွားသည့် သူမ မျက်နှာလေးကိုသာ မဟာ မြင်ယောင်နေမိခဲ့လေသည်။

မာနဖြင့် တုံ့ပြန်လိုက်သော ဖြစ်ရပ်တစ်ခု၏ နောက်ကွယ်တွင် ချစ်ခြင်းက အစားထိုးဝင်ရောက်လာလိမ့်မည်ဟု မဟာ တစ်ခါမှမတွေးမိခဲ့ပါ။ သို့သော် အမှန်တကယ်ပင် သူမကို မဟာ ချစ်မိသွားခဲ့ပြီဖြစ်သည်။ တစ်ခါမှ မရရှိခဲ့ဖူးသော နောင်တတို့က သူမနှင့် ပတ်သက်မှု ရရှိခဲ့ခြင်းက မဟာ့ ဘဝတွင် ပထမဆုံးဖြစ်ခဲ့လေသည်။

*

မဟာ ကျောင်းသို့ရောက်လာသည်နှင့် ပထမဆုံးလိုက်ရှာမိသည်က သူမကိုဖြစ်၏။ မဟာ၏ အမှားအတွက် သူမအား တောင်းပန်ရမည်။ သူမက ခွင့်မလွှတ်ဘဲ အမုန်းကြီးခဲ့လျှင်လည်း သူမ လက်ခံလာအောင် မဟာ တောင်းပန်ရန် ရည်ရွယ်ထားခဲ့သည်။

သို့သော် အခုအချိန်အထိ သူမ၏ အရိပ်အယောင်ကိုပင် မမြင်ရသေးပေ။ မဟာ အရဲစွန့်ကာ သူမ၏ အတန်းရှေ့အထိ သွားကြည့်မိခဲ့၏။ သို့သော် သူမအား မတွေ့ရ။ တစ်နေ့က သူ့လုပ်ရပ်ကြောင့် သူမ အရမ်း ရှက်သွားပြီထင်သည်။ သူ့လုပ်ရပ်ကို ပြန်တွေးမိလေ သူမကို သနားလာလေလေပင် ဖြစ်သည်။

သူမ အတန်းရှေ့တွင် မဟာ အကြာကြီးစောင့်နေခဲ့သည်အထိ သူမ ရောက်မလာခဲ့ပေ။ ထို့ကြောင့် အတန်းထဲရှိ သူမ သူငယ်ချင်းတစ်ယောက်အား သူမအကြောင်း မေးကြည့်မိလေသည်။

“ဟို . . . ဒီနေ့ ပန်းသွေးနီနီ ကျောင်းမလာဘူးလားဗျ”

“ဟုတ်တယ်ရှင့် . . . ဒီနေ့မှမဟုတ်ပါဘူး . . . သူ နေ့တိုင်း ကျောင်းလာနိုင်တော့မှာ မဟုတ်ဘူးလေ”

“ဗျာ . . . ဘာဖြစ်လို့လဲ”

“ဘာဖြစ်လို့လဲဆိုတော့ သူ သေဆုံးသွားလို့ပါပဲ”

“ဗျာ”

“မွေးရာပါ နှလုံးရောဂါရှိတဲ့ သူက ကျောင်းသားတစ်ယောက်စလိုက်တဲ့ မြွေရုပ်ကိုမြင်ပြီး သတိမေ့သွားတယ်လေ၊ အရမ်းထိတ်လန့်သွားလို့ ထင်တယ် နှလုံးက အခြေအနေ လုံးဝမကောင်းတော့ဘူး၊ ဒါကြောင့် သူ့ကို သူ့ဒယ်ဒီရှိတဲ့ အမေရိကားကို ဆေးကုဖို့ခေါ်သွားခဲ့တယ်၊ ဒါပေမဲ့ ဟို

ရောက်ရောက်ချင်းပဲ ဆုံးသွားတယ်လေ”

စကားလုံးများက မဟာ့နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက်ပင်။ မယုံနိုင်ခြင်းများစွာဖြင့် မဟာ့ရင်ထဲ နာကျင်လာခဲ့သည်။ နောင်တမျက်ရည်ပူများက မျက်ဝန်းမှ အရှိန်ပြင်းစွာစီးကျလာ၏။ မဟာ ယူကြုံးမရဖြစ်စွာ ပြေးထွက်လာခဲ့တော့သည်။

မဟာ့ရင်ထဲက အပူကိုသိသည့်အလား မိုးက အငြိုးကြီးစွာဖြင့် သည်းထန်စွာ ရွာသွန်းလာခဲ့သည်။ အသက်မဲ့သူ တစ်ယောက်ပမာ မိုးရေထဲတွင် ကြေကွဲစွာ မဟာ ပြေးလျှောက်လာခဲ့သည်။ မျက်ရည်များစွာက မိုးရေနှင့် ပေါင်းစပ်သွားလေသည်။

သူမ ဆုံးပြီတဲ့။ သူ့ရင်ထဲတွင် အချစ်တွေ သူမဆီ ဖွင့်မပြောရသေးခင် သူမ ကြွေလွင့်သွားခဲ့ ရရှာပြီ။ မဟာရဲ့ မိုက်မဲမှုကြောင့် သူမ ဘဝ ကြွေလွင့်ခဲ့ရသည်။ စဉ်းစားမိတိုင်း ယူကြုံးမရစိတ်တို့က မဟာ့နှလုံးသားကို ခပ်ပြင်းပြင်း နှိပ်စက်လာခဲ့၏။ ကြေကွဲမှုများစွာဖြင့် မိုးရေထဲတွင် အရူးတစ်ယောက်ပမာ အော်ဟစ်လိုက်မိလေသည်။

“ခွင့်မလွှတ်ပါနဲ့ မိုးရယ်၊ ကိုယ့်ကြောင့် မသေသင့်ဘဲသေသွားခဲ့ရတဲ့ မင်းအတွက် ကိုယ်ဘယ်လိုဖြေသိမ့်ရမလဲကွာ၊ ကိုယ် မင်းကို သိပ်ချစ်တယ် ပန်းသွေးနီနီရယ်၊ ကိုယ် မင်းဆီအရောက်လာခဲ့မယ်နော် . . . ပန်းသွေးနီနီရေ . . .”

မိုးရေထဲတွင် မဟာ ကြေကွဲစွာအော်ဟစ်ရင်း ပြေးနေမိခဲ့သည်။ ထိုအချိန်တွင် မိုးရေများ အကြားမှ အရာတစ်ခုနှင့် မဟာ ပြင်းထန်စွာ ထိခိုက်မိသွားလေသည်။

“ဒုန်း”

“မိုး . . . အား . . .”

မိုးရေများအကြား အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာသော ကားတစ်စီးနှင့် တိုက်မိကာ မဟာအဝေးသို့လွင့်သွားလေသည်။ မဟာ့ မျက်လုံးထဲတွင်ကား မိုး၏ ပုံရိပ်များကိုသာ မြင်ယောင်နေသည်။ ထို့နောက် အမြင်အာရုံများ ဝေဝါးလာကာ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေသည်။ မိုးရေများက ညှာတာမှု ကင်းမဲ့စွာဖြင့် မဟာ့ ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ရွာသွန်း နေခဲ့လေသည်။

*

## (၆)

မိုးစက်မှုန်လေးများက တဖွဲဖွဲကြွေဆင်းလာနေ၏။

အဖြူရောင်သစ္စာပန်းစည်းလေးက အသစ်စက်စက်အုတ်ဂူလေးပေါ်သို့ ညင်သာစွာနေရာ ယူလာလေသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်က အုတ်ဂူလေးအရှေ့တွင်ရပ်နေလေသည်။ သူမ၏ မျက်ဝန်းအစုံက အသက်ကင်းမဲ့နေသလို ရီဝေနေလေသည်။ ထို့နောက် သူမသည် အုတ်ဂူလေးကိုမှီကာ ထိုင်ချလိုက်ပြီး ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေလေတော့သည်။

“နင့်ကို ငါ ဝန်ခံစရာလေးတွေရှိလို့လာခဲ့တာပါ မဟာရယ်၊ တကယ်တော့ ငါ့မှာဘာရောဂါမှ မရှိပါဘူးဟာ၊ နင့်ကို အနိုင်လိုချင်လို့သာ ငါ သေဆုံးခဲ့သလို ညာခဲ့တာပါ၊ နင်က အနိုင်လိုချင်တဲ့ငါ့ကို ဒီလိုပုံစံနဲ့ အရှုံးပေးလိုက်ရသလားဟာ၊ နှစ်ယောက်သားမာနတွေထားခဲ့ကြပေမဲ့

အချစ်က အနီးဆုံးမှာ ရှိနေခဲ့တယ်ဆိုတာ ငါတို့မသိခဲ့ကြဘူးနော်၊ မာန ရဲ့ နောက်ဆက်တွဲရလဒ်က နာကျင်ကြေကွဲမှုတွေပဲဆိုတာ နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ ငါနားလည်ခဲ့ရပြီ။ မဟာရယ်၊ နင် မရှိတော့တဲ့ ငါ့ ဘဝမှာ ကြေကွဲစရာအလွမ်းတွေ ဝေဝေဆာဆာ ပွင့်ဖူးနေခဲ့တယ်ဆိုတာ နင် မသိခဲ့ဘူးနော်၊ ငါ နောက်ဆုံး စကားလေးတစ်ခွန်းပြောခဲ့ချင်တယ် ဟာ၊ နင် မကြားချင်ဘူးဆိုရင်တောင်မှ ငါ့ကိုပြောခွင့်ပေးပါနော်၊ ငါ . . . ငါလေ . . . နင့် . . . နင့်ကို အရမ်းချစ်ခဲ့ပါတယ် မဟာရယ်”

မျက်ရည်စက်တို့က တဖြုတ်ဖြုတ် ကြွေဆင်းကြလေသည်။ ပြီး နောက် အဖြူရောင်အရိပ်လေးတစ်ခုက တရွေ့ရွေ့ နှင့် ကျောခိုင်းထွက် ခွာသွားတော့သည်။ အသစ်စက်စက်အုတ်ဂူလေးတစ်လုံးသာ မိုးစက်မှုန် များအကြားမှာ အထီးကျန်စွာတည်ရှိနေခဲ့လေတော့သည်။

**နတ်ရဲ (ရူပဗေဒ)**

*